ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

ချောင်းဆုံမြို့

# ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းအကောင်အထည်ဖော်မှု

# အစီအစဉ်



လူထုစည်းရုံးရေးမှူးအမည် - ဦးဇော်မင်းနိုင်

လက်ထောက်နည်းပညာမှူးအမည် - ဒေါ်ခြူးအိတာ

နတ်မော်ကျေးရွာအုပ်စု၊ နတ်မော်ရွာဟောင်းကျေးရွာ 2017 ခုနှစ်

# မာတိကာ

စဉ် အကြောင်းအရာ စာမျက်နှာ


၁။ ချောင်းဆုံမြို့နယ်ပြမြေပုံ ....... 3

၂။ နတ်မော်ကျေးရွာတည်နေရာပြမြေပုံ ....... 4

၃။ အုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း ....... 5

၄။ ကျေးရွာအခြေခံအချက်အလက်များ ....... 5

၅။ လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား ....... 5

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA Tools များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ ....... 8

၆.၁ အရင်းအမြစ်ပြမြေပုံ ....... 8

၆.၂ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းအတွက်အဖွဲ့စည်းအချင်းချင်းချိတ်ဆက်မှုပြဗန်ကားချပ် ....... 10

၆.၃ ဓနအင်အားအဆင့်သတ်မှတ်ခြင်း ....... 11

၆.၄ ပင့်ကူအိမ်သုံးသပ်ခြင်း ....... 12

၆.၅ ရာသီခွင်ပြဇယား ....... 14

၆.၆ ပိုင်ဆိုင်မှုနှင့်ထိန်းချုပ်မှု ....... 15

၇။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ ....... 16

၈။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း ....... 17

၉။ ကျေးရွာအချက်အလက် (ပုံစံ-၁) ....... 18

၁၀။ စီမံကိန်းစက်ဝန်းအချိန်ဇယား (ပုံစံ-၂) ....... 20

၁၁။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (ပုံစံ-၃) ....... 21

၁၂။ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်း (ပုံစံ-၄) ....... 22

၁၃။ အစည်းအဝေးမှတ်တမ်းများ ....... 23

၁၄။ ကျေးရွာမှကြုံတွေ့နေရသည့်အခက်အခဲ အတားအဆီးများ ....... 24

၁၅။ ကျေးရွာများမှနောင်လာမည့် (၅) နှစ်အတွင်းမျှော်မှန်းထားသည့် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ ....... 24

၁၆။ ကျေးရွာများမှအဆိုပြုထားသည့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ထောက်ကူပြုသင်တန်းများ ....... 25

## ၁။ ချောင်းဆုံမြို့နယ်ပြမြေပုံ


MIMU
EUROPEAN COMMISSION
Humanitarian Aid
Myanmar Information Management Unit
Village Tracts of Chaungzon Township
Mon State
PAUNG
N
Mawlamyine
Da Yei
Ka Lwi
Taw Ka Nar
Taung Sun
Daung Yat (West)
Daung Yet (East)
Ka Mar Mo
Mu Du
Nyaung Lan
Kawt Mu Pun
Ka Hnyaw
CHAUNGZON
Kun Yaik
Ywar Lut
Boe Net
Hnee Hmoke
Ka Ma Nin
MAWLAMYINE
Ka Lawt
Thet Kaw
Mu Kwe
Saw Ke
Nat Hmaw
Taw Pun
Kayin Win Sein
Chaungzon
Kha Yaik Thit
Mu Yit Gyi
Ku Lar Toet
Kun Thea
Ta Ku Pa Ti
Ma Yan
MUDON
Hpan Hpa
Ku Lar Bi
Zee Kone
Wei Lan
Ka Yaik Du
Mu Yit Kalay
Se Pa Lar
Kawt Ka Daik
Hin Thar Kyun
Ka Mar Kay
Ah Bit
Kha Yaik Hnee Hu
Kun Hlar
Kayin
Yangon
Mon
Kilometers
0 2 4 8
Map ID: MIMU250v01
Creation Date: 19 December 2011. A3
Projection/Datum: Geographic/WGS84
Map produced by the MIMU - info.mimu@undp.org
Website : http://www.themimu.info
State Capital
Main Town
Other Town
Road
River and Stream
Township Boundary
District Boundary
State Boundary
Village Tract Area
Water Body
Data Sources :
BASE MAP - MIMU
Boundaries - WFP/MIMU/UNICEF
Place names - Ministry of Home Affair (GAD) translated by MIMU
Disclaimer: The names shown and the boundaries used on this map do not imply official endorsement or acceptance by the United Nations.

## ၂။ နတ်မော်ကျေးရွာတည်နေရာပြမြေပုံ



## ၃။ အုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း

| ကျေးရွာအုပ်စုအမည် | ကျေးရွာအမည် |
|---|---|
| နတ်မော်ကျေးရွာအုပ်စု | နတ်မော်ရွာဟောင်းကျေးရွာ |
| | နတ်မော်ရွာသစ်ကျေးရွာ |

## ၄။ ကျေးရွာအခြေခံအချက်အလက်များ

| | |
|---|---|
| ကျေးရွာအမည် | - နတ်မော်ရွာဟောင်း |
| ကျေးရွာအုပ်စုအမည် | - နတ်မော်ကျေးရွာအုပ်စု |
| လူဦးရေ | - ကျား - ၇၄၇ ၊ မ ၇၉၄၊ စုစုပေါင်း (၁၅၄၁) ဦး |
| အိမ်ထောင်စု | - ၂၇၃ စု |
| တိုင်းရင်းသားလူမျိုးစု | - ဗမာ ၊ ကရင် |
| လူမျိုးစုရော | - ဗမာ ၊ တမီ |
| မသန်စွမ်း | - ၃ ဦး |
| ပညာရေးအဆောက်အဦး | - အ.မ.ကမူလွန် (၁) ကျောင်း၊ မူကြို ( ၁ ) ကျောင်း |
| လူမှုရေးအဆောက်အဦး | - ဘုန်းကြီးကျောင်း (၂) ကျောင်းနှင့် စေတီ (၄) ဆူ |
| အဓိက စီးပွားရေးလုပ်ငန်း | - လယ်၊ ယာ၊ ခနီခြံ၊ ငါးဖမ်းလုပ်ငန်း |
| ကျေးရွာထွက်ကုန်များ | - ဆန်/စပါး၊ခနီ |

## ၅။ လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား


| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|

| | | | | က | မ | ပ | |
|---|---|---|---|---|---|---|---|
| ၁ | ကျေးရွာလူမှုရေးပြ သယံဇာတပြမြေပုံ၊ (Social Map, Resources Map) | ၂၈-၁၂-၂၀၁၉ | ကျေးရွာလူထု | 30 | 25 | 55 | - ကျေးရွာ၏အဓိကသွင်ပြင်လက္ခဏာများကိုဆွေးနွေးခြင်း၊ ကျေးရွာအတွင်းတည်ရှိနေသည့် အရင်းအမြစ်များ၊ အခြေခံအဆောက်ဦးများနှင့် ဝန်ဆောင်မှုများကိုဆွေးနွေးခြင်း<br>- ၎င်းအခြေခံအဆောက်အဦးများ၏အခြေအနေများကို ဆွေးနွေး ခြင်း၊ (ရပ်ရွာဖွံ့ဖြိုးရေးအတွက် ပြုပြင်ရန်နှင့် အသစ်ဆောက်လုပ်ရန်လိုအပ်ချက်များကို ဆွေးနွေးခြင်း) |
| ၂ | လူမှုစီးပွားအဆင့်သတ်မှတ်ခြင်း။ (Wealth Ranking) | ၂၈-၁၂-၂၀၁၉ | ကျေးရွာလူထု | 22 | 28 | 50 | - ကျေးရွာအတွင်းနေထိုင်သူ အိမ်ထောင်စု/ အုပ်စုများ၏ ဝင်ငွေ များ၊ ဥစ္စာနေ ကြွယ်ဝမှုများ၊ ပိုင်ဆိုင်မှုများနှင့် အခြေအနေများ ကို ဆွေးနွေးသုံးသပ်ခြင်း။<br>- ကျေးရွာလူထုများ၏ အသက်မွေးဝမ်းကြောင်းမှုလုပ်ငန်းအခြေအနေ၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက်ကြုံတွေ့နေရသည့် အားနည်းချက်များ၊ အဟန့်အတားများကို ရှာဖွေဖော်ထုတ် ခြင်း။<br>- အိမ်ထောင်စုများ/အုပ်စုများ၏ စီးပွားရေး၊ လူမှုရေးအခြေအနေများကိုလေ့လာဖော်ထုတ်ခြင်း။ |
| ၃ | ရာသီခွင်ပြပြက္ခဒိန် (Seasonal Calendar) | ၂၈-၁၂-၂၀၁၉ | ကျေးရွာလူထု | 31 | 28 | 59 | - ကျေးရွာအတွင်းနေထိုင်သူများ တစ်နှစ်ပတ်လုံးအတိုင်းအတာအတွင်း ရာသီအလိုက် လုပ်ငန်းဆောင်တာများ၊ အသက်မွေးဝမ်းကြောင်းမှု အပြောင်းအလဲများကိုဆွေးနွေးခြင်း။<br>- အစာရေစာရရှိနိုင်မှု၊ ကျန်းမာရေးပြဿနာများ၊ အိမ်ထောင်စုများအတွင်း တစ်နှစ်ပတ်လုံး အတိုင်းအတာဖြင့် ကြုံတွေ့နေရသည့် မတူညီသည့် အခက်အခဲများကို ဆွေးနွေးခြင်း။<br>- အချိန်အပိုင်းခြားအလိုက် အခက်အခဲနှင့် အခွင့်အလမ်းများကိုဆွေးနွေးခြင်း။ |

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | က | မ | ပ | |
| ၄ | အဖွဲ့အစည်းချိတ်ဆက်ပုံ (Venn Diagram) | ၂၄-၁-၂၀၁၉ | ကျေးရွာလူထု | 20 | 21 | 41 | - ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ စီမံကိန်းများကိုလုပ်ဆောင်နေသည့် ရွာအတွင်း ရွာပြင်ပရှိအဖွဲ့အစည်းများကို သိရှိနားလည်စေရန်နှင့် ၎င်းအဖွဲ့အစည်းများ၏အားဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ချိတ်ဆက်လုပ်ဆောင်နိုင်စေရန်ဆွေးနွေး ခြင်း။ |
| ၅ | ပင့်ကူအိမ်သုံးသပ်ခြင်း (Spider Web) | ၂၄-၁-၂၀၁၉ | အမျိုးသား/ အမျိုးသမီး အုပ်စု | 22 | 18 | 40 | - ကျေးရွာအတွင်းရှိ အမျိုးသမီး၊ အမျိုးသားမျှား၏ အခန်းကဏ္ဍကိုသိရှိနိုင်ရန်နှင့် ၎င်းတို့ကိုယ်တိုင်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ဆောင်ရာတွင်ကြုံတွေ့နေသည့် အားနည်းချက်များ၊ ဆိုးကျိုးများကိုသိရှိနားလည်စေရန်။ |
| ၆ | ပြဿနာသစ်ပင် (Problem Tree) | ၂၄-၁-၂၀၁၉ | အမျိုးသား/ အမျိုးသမီး အုပ်စု | 22 | 21 | 43 | - ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများလုပ်ဆောင်ရာတွင် ကြုံတွေ့နေရသည့် လိုအပ်ချက် များ၊ အခက်အခဲများ၊ ပြဿနာ များအား အကြောင်း၊ အကျိုး ဆက်စပ်ဖြစ်တည်နေသည့် သဘောသဘာဝအား ပြဿနာသစ်ပင်နည်းလမ်းအား အသုံးပြု၍ဆွေးနွေးခြင်း။ |
| ၇ | ပင့်ကူအိမ်သုံးသပ်ခြင်း (Cob Web) | ၂၄-၁-၂၀၁၉ | အမျိုးသမီး အဖွဲ့/ အမျိုးသား အဖွဲ့ | 28 | 21 | 49 | - ကျေးရွာအတွင်းရှိ အမျိုးသမီး၊ အမျိုးသား များ၏အခန်းကဏ္ဍကို သိရှိ နိုင်ရန်နှင့် ၎င်းတို့ကိုယ်တိုင်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ဆောင်ရာတွင် ကြုံတွေ့နေသည့် အားနည်းချက်များ၊ ဆိုးကျိုးများကို သိရှိနားလည်စေရန်။ |

## ၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA Tools များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

### ၆.၁ အရင်းအမြစ်ပြမြေပုံ



**နတ်မော်ဟောင်းကျေးရွာ၏ အရင်းအမြစ်ပြမြေပုံသုံးသပ်ချက်**

နတ်မော်ကျေးရွာအုပ်စု၊ နတ်မော်ရွာဟောင်းကျေးရွာသည် မြေညီမြေပြန့်ရှိပြီး မြစ်ကမ်းနားကျေးရွာဖြစ်ပါသည်။ ကျေးရွာ၏အရှေ့ဘက်တွင် သံလွင်မြစ်၊ အနောက်ဘက်တွင် လယ်ကွင်းများ၊ တောင်ဘက်တွင် သံလွင်မြစ်၊ မြောက်ဘက်တွင် နတ်မော်ရွာသစ်နှင့် သံလွင်မြစ်တို့တည်ရှိပါသည်။ နတ်မော်ရွာဟောင်းသည် လယ်ယာစိုက်ပျိုးခြင်းနှင့် ဆိပ်ကမ်းကိုအမှီပြုပြီး အသက်မွေးဝမ်းကျောင်းလုပ်ငန်းကို ဆောင်ရွက်ကြရပါသည်။ ဓနိဖက်လုပ်ငန်းနှင့် ငါးဖမ်းပိုက်ချခြင်းကိုလည်း အနည်းငယ်လုပ်ကိုင်ကြပြီး အသက်မွေးဝမ်းကျောင်းပြုပါသည်။

ကျေးရွာတွင် (၄) လက်မစက်ရေတွင်း (၂) တွင်း၊ (၂) လက်မစက်ရေတွင်း (၁) တွင်း၊ လက်တွင်း (၅) တွင်း၊ သောက်ရေမြေတူးကန် (၄) ကန်တို့ရှိပြီး သောက်သုံးရေရှားပါးမှု ပြဿနာကို နှစ်စဉ်ကြုံတွေ့ရပါသည်။ မြစ်ချောင်းနားနီးသောကြောင့် မြစ်သဲကျောက်လုပ်ငန်းရှိသော်လည်း လုပ်ငန်းရှင်များမှာ အခြားကျေးရွာမှဖြစ်ပြီး ကျေးရွာသားပိုင် လုပ်ငန်းရှင်မရှိပေ။ တနိုင်တပိုင်ငါးဖမ်းပိုက်လှေဖြင့် ငါးဖမ်းခြင်းလုပ်ငန်းကို လုပ်ကိုင်ကြသော်လည်း သဘာဝအရင်းအမြစ်ရှားပါးလာမှုကြောင့် စားဝတ်နေရေးအခက်အခဲကို ကြုံတွေ့နေကြရသည်။

ကျေးရွာတွင် လယ်မြေရှိသော်လည်း လုပ်ကိုင်လိုသူနည်းပါးသည်ကိုလည်း တွေ့ရှိရပါသည်။ ထိုသို့ဖြစ်ရခြင်းမှာ သီးနှံပိုးကျ၍အထွက်နှုန်းမကောင်းခြင်း၊ ခေတ်မီစိုက်ပျိုးရေးနည်းပညာမရှိခြင်းနှင့် မိရိုးဖလာလုပ်ကိုင်ရခြင်း၊ စပါးဈေးနှုန်းကျဆင်းပြီး ဝင်ငွေထွက်ငွေမမျှခြင်းတို့ကြောင့် စားဝတ်နေရေး အဆင်ပြေစေရန် တဖက်နိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်လျှက် ရှိသောကြောင့်ဖြစ်ပါသည်။ လယ်ယာလုပ်ငန်းတွင် ပသုံးပြုသော ကျွဲ (၁၀) ကောင်၊ နွား (၃၉) ကောင်၊ လယ်ထွန်စက် (၇) စီး၊ ထွန်ထယ် (၂၂) စီးတို့ရှိသည်။

နတ်မော်ရွာဟောင်းကျေးရွာတွင် မူလတန်းလွန်ကျောင်း (၁) ကျောင်း၊ မူကြိုတစ်ကျောင်း ရှိပါသည်။ မူလတန်းကျောင်းတွင်ပညာသင်ကြားသူ (၁၀၂) ဦး၊ မူလွန်တွင်ပညာသင်ကြားသူ (၃၉၅) ဦးနှင့် မူကြိုကျောင်းတွင် (၅၈) ဦးရှိပါသည်။ မူလတန်းကျောင်းပြင်ပ ပညာရေး (၁) ကျောင်းရှိပြီး (၂၁) ဦးပညာသင်ကြားနေပါသည်။

နတ်မော်ရွာဟောင်းတွင် အသက်မွေးဝမ်းကြောင်းအလိုက်အလုပ်လုပ်သူဦးရေမှာ-

(၁) နိုင်ငံဝန်ထမ်း - (၁၀) ဦး

(၂ ) လယ်သမား - (၃၀) ဦး

(၃) ပျံကျဈေးသည် - (၁၅) ဦး

(၄) အလုပ်လက်မဲ့ - (၅၀) ဦးတို့ဖြစ်ကြပါသည်။

## ၆.၂ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းအတွက်အဖွဲ့အစည်းအချင်းချင်းချိတ်ဆက်မှုပြဇယားချပ်





### နတ်မော်ရွာဟောင်းကျေးရွာ၏အဖွဲ့အစည်းချိတ်ဆက်မှုပြပုံသုံးသပ်ချက်

နတ်မော်ကျေးရွာအုပ်စု၊ နတ်မော်ရွာဟောင်းကျေးရွာတွင် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ၊ မီးလင်းရေးအဖွဲ့၊ သာရေးနာရေးအဖွဲ့၊ ကျောင်းပြင်ပပညာရေးအဖွဲ့၊ လူငယ်အဖွဲ့၊ အရန်မီးသတ်၊ မိခင်နှင့်ကလေး၊ အမျိုးသမီးရေးရာ၊ သမကော်မတီနှင့် နိုင်ငံရေးပါတီများ ဖြစ်ကြသည်။ အခြားပြင်ပအဖွဲ့အစည်းများအဖြစ် ကိုရီးယားချေးငွေအဖွဲ့၊ မသန်စွမ်းအဖွဲ့တို့လည်းရှိပါသည်။ အုပ်ချုပ်ရေးမှူး

အဖွဲ့သည် အဖွဲ့အားလုံးတွင်အရေးပါဆုံးအဖွဲ့ဖြစ်ပြီး ကျန်အဖွဲ့အားလုံးနှင့် ချိတ်ဆက်ကာ ကျေးရွာဖွံ့ဖြိုးရေးအလုပ်များကိုလုပ်ဆောင်ကြပါသည်။ ကျေးရွာစီထောက်အဖွဲ့သည် ကျေးလက်ဦးစီးအဖွဲ့၊ မြို့နယ်နည်းပညာအကြံပေးအဖွဲ့များနှင့်ချိတ်ဆက်ပြီး လူထုဗဟိုပြုစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျှက်ရှိပါသည်။

အဖွဲ့အစည်းများသည် သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်လုပ်ဆောင်နေကြပြီး ပူးပေါင်းဆောင်ရွက်သည်ကိုတွေ့ရှိရပါသည်။ အမျိုးသမီးရေးရာအဖွဲ့တွင် အဖွဲ့ဝင်ပေါင်း (၄၆၀) ဦး၊ မိခင်နှင့်ကလေးအဖွဲ့တွင်အသင်းဝင်ပေါင်း (၁၇၂) ဦး၊ အရန်မီးသတ် (၁၀) ဦးတို့ရှိပါသည်။

## ၆.၃ ဓနအင်အားအဆင့်သတ်မှတ်ခြင်း



**ဓနအင်အားအဆင့်သတ်မှတ်ခြင်းသုံးသပ်ချက်**

နတ်မော်ကျေးရွာအုပ်စု၊ နတ်မော်ရွာဟောင်းကျေးရွာ၏ ဥစ္စာဓနပိုင်ဆိုင်မှုကို ချမ်းသာအဆင့်၊ အလယ်အလတ်အဆင့်နှင့် နွမ်းပါးအဆင့် ဟူပြီးသုံးပိုင်းခွဲခြားထားပါသည်။


ချမ်းသာအဆင့်တွင် ပိုင်ဆိုင်မှုအနေဖြင့်နစ်ထပ်အိမ်၊ ကား၊ ဈေးဆိုင်ကြီး လယ် (၈) ဧက အထက်၊ ခနီခြံ (၁၀) ဧကအထက်နှင့် စက်လှေများပိုင်ဆိုင်သည်ဟု သတ်မှတ်ထားသောအိမ်မှာ (၁၅) အိမ်ထောင်စုခန့်ရှိပါသည်။ အလယ်အလတ်အဆင့်တွင် ပိုင်ဆိုင်မှုများမှာ ပျဉ်ထောင်သွပ်မိုးအိမ်၊ ကျွဲ၊ နွား (၁၅) ကောင်အောက်၊ ခနီခြံ (၁၀) ဧကအောက်၊ လယ် (၈) ဧကအောက် ဆိုင်ကယ်၊ ကုန်တင်ယာဉ်၊ အခြားသုံးယာဉ်၊ ဆန်စက်တို့ပိုင်ဆိုင်ကြသော အိမ်ထောင်စုမှာ (၁၂၂) အိမ်ထောင်စုရှိကြပြီး မိသားစုဝင်များအနေဖြင့် တဖက်နိုင်ငံသို့သွားရောက်လုပ်ကိုင်ကြသဖြင့် မိသားစုစားဝတ်နေရေးကိုဖြေရှင်းနေရပါသည်။ နွမ်းပါးအဆင့်တွင် ပိုက်လှေ၊ ခနီမိုး၊ ဂါးထရံကာ၊ အသေးစားလယ်ယာသုံးပစ္စည်းများပိုင်ဆိုင်ကြပြီး အိမ်ထောင်စုမှာ (၁၃၆) အိမ်ထောင်စုခန့်ရှိပါသည်။ အသက်မွေးဝမ်းကြောင်းလုပ်ငန်းများအနေဖြင့် ကျဘမ်းလုပ်ငန်းလုပ်ကိုင်ခြင်း၊ ဆိပ်ကမ်းကို

အမှီပြုပြီး ဈေးရောင်းခြင်း ကုန်တင်ကုန်ချပြုလုပ်ခြင်းနှင့် ငါးဖမ်းလုပ်ငန်းတို့လုပ်ကိုင်ကြပါသည်။ ကျေးရွာအတွင်း အိမ်ထောင်စုအားလုံးတွင် ရာခိုင်နှုန်းဖြင့်ဖော်ပြရမည်ဆိုလျှင်

| | |
|---|---|
| ချမ်းသာအဆင့် | - ၈.၆ ရာခိုင်နှုန်း |
| အသင့်အတင့် | - ၄၄.၆ ရာခိုင်နှုန်း |
| နွမ်းပါး | - ၄၆.၈ ရာခိုင်နှုန်း |

တို့ဖြစ်ပြီး နွမ်းပါးအဆင့်ကိုလျှော့ချနိုင်ရန်အတွက် အသက်မွေးဝမ်းကြောင်းနည်းပညာများ၊ စိုက်ပျိုးရေးနည်းပညာများနှင့် အရင်းအနှီးများလိုအပ်နေသည်ဟု ဆွေးနွေးကြပါသည်။

## ၆.၄ ပင့်ကူအိမ်သုံးသပ်ခြင်း



မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်၊ နတ်မော်ကျေးရွာအုပ်စု၊ နတ်မော်ရွာဟောင်းကျေးရွာ၏ အမျိုးသား၊ အမျိုးသမီးများ၏ ပင့်ကူအိမ်သုံးသပ်ချက်ကို အကြောင်းအရာ (၁၀) ခုကို အဆင့် (၁၀) အဆင့်ဖြင့် အကဲဖြတ်ဆန်းစစ်ခဲ့ ပါသည်။

ပင့်ကူအိမ်သုံးသပ်ချက်ကို အမျိုးသားအုပ်စု၊ အမျိုးသမီးအုပ်စုအနေဖြင့် သီးသန့်ခွဲခြားစဉ်းစားစေပြီး နှစ်ဖွဲ့ပြန်ပေါင်းကာ သုံးသပ်ပြခဲ့ပါသည်။

**ပညာသင်ကြားခွင့်**တွင် အမျိုးသမီးများကဦးဆောင်နေပြီး အမျိုးသားများက လျှော့နည်းနေသည်ကို တွေ့ရပါသည်။ အမျိုးသားများမှာ မိသားစုစားဝတ်နေရေးအခက်အခဲကြောင့် ကျောင်းထွက်အလုပ်လုပ်ကြပြီး အတန်းပညာကို အမျိုးသမီးများကိုသာ ဦးစားပေးသင်ကြားပေးကြသည်ဟု ဆွေးနွေးကြပါသည်။

**အိမ်မှုကိစ္စများ**တွင် အမျိုးသားများကစားဝတ်နေရေးအတွက် ရှာဖွေရသဖြင့် အမျိုးသမီးများကသာ လုပ်ဆောင်ကြပြီး အစဉ်အဆက်တည်းက အိမ်မှုကိစ္စရပ်များသည် အမျိုးသမီးများကသာ လုပ်ဆောင်ရမည်ဟု လက်ခံထားကြသောကြောင့်ဖြစ်သည်။

**အလုပ်အကိုင်အခွင့်အလမ်း**တွင် အမျိုးသားများကခွန်အားကြီးမားပြီး ကြုံရာအလုပ်လုပ်နိုင်သောကြောင့် အမျိုးသမီးများထက်ပိုပြီး အခွင့်အလမ်းများသည်။ လုပ်ငန်းရှင်များကလည်း အလုပ်ပိုမိုပြီးမြောက်စေရန်အတွက် အမျိုးသားများကိုသာ အဓိကရွေးချယ်ခေါ်ယူကြသည်ဟု ဆွေးနွေးကြပါသည်။ ကုန်တင်ကုန်ချလုပ်ငန်းများ၊ ဆိုင်ကယ်ကယ်ရီလုပ်ငန်းများတွင်လည်း အမျိုးသားအများစုသာ လုပ်ကိုင်ကြသောကြောင့် ၎င်းကဏ္ဍတွင် အမျိုးသားများမှ သာလွန်နေကြောင်း ဆွေးနွေးကြပါသည်။


**ရပ်ရွာအရေးကိစ္စများတွင်ပါဝင်ခွင့်၊ ဆုံးဖြတ်ချက်ချပိုင်ခွင့်နှင့်စီမံခန့်ခွဲမှုတို့**တွင် အမျိုးသားများမှ ဦးဆောင်နေပြီး ထိုသို့ဖြစ်ရခြင်းမှာ ရိုးရာအစဉ်အလာအရသော်လည်းကောင်း၊ ဒေသအခြေအနေ၊ ပတ်ဝန်းကျင်ကြောင့်သော်လည်းကောင်း အမျိုးသမီးများကိုယ်တိုင် အမျိုးသားများကသာ ဦးဆောင်သင့်သည်ဟူသော အတွေးအခေါ်များ၊ အလေ့အကျင့်များကြောင့်ဖြစ်သည်ဟု ဆွေးနွေးကြပါသည်။

**ဝင်ငွေရရှိမှု**တွင် အမျိုးသားများနှင့် အမျိုးသမီးလုပ်ကိုင်သော လုပ်ငန်းမတူကြသဖြင့် လုပ်အားခမတူညီကြပါ။ အမျိုးသားများသည် ခက်ခဲပင်ပန်းသော အလုပ်များလုပ်ကိုင်ကြသဖြင့် အမျိုးသမီးများထက်ပိုပြီးရရှိကြပါသည်။ အမျိုးသမီးများမှာမူ သက်သာသောခနိဖက်ထိုးအလုပ်များကို လုပ်ကိုင်ကြသည်။ ထို့ကြောင့် လုပ်အားခမှာနည်းပါသည်။ ကုန်တင်ကုန်လုပ်ငန်းများတွင်လည်း အမျိုးသားများသာ ပိုမိုဝင်ငွေ ရရှိကြသည်။

**လုံခြုံမှု**အပိုင်းတွင် အမျိုးသမီးများသည်အားနည်းနေသည်ကို တွေ့ရသည်။ ၎င်းကဲ့သို့ဖြစ်ရခြင်းမှာ ပတ်ဝန်းကျင်ပယောဂများကြောင့်မဟုတ်ဘဲ ၎င်းတို့ကိုယ်တိုင်မှ စိတ်ခံစားချက်များနှင့် လုံခြုံမှုအားနည်းသည်ဟု ယူဆချက်များကြောင့် ဖြစ်ကြောင်း သိရသည်။

**ပစ္စည်းဥစ္စာပိုင်ဆိုင်မှု** တွင် တန်းတူပိုင်ဆိုင်သည်ဟုခံယူကြပြီး အဆင့်တူတူဖြစ်ပါသည်။

## ၆.၅ ရာသီခွင်ပြဇယား



**ရာသီခွင်ပြဇယား သုံးသပ်ချက်**

အဓိကအသက်မွေးဝမ်းကြောင်း လုပ်ငန်းများမှာ လယ်ယာလုပ်ငန်း၊ ရေလုပ်ငန်း၊ ဓနိခြံလုပ်ငန်းများဖြစ်သည်။ ကျဘမ်းနှင့် ဆိပ်ကမ်းကုန်တင်ကုန်ချ အလုပ်လုပ်ကိုင်နေသူများလည်း ရှိသည်။ ရေလုပ်ငန်း လုပ်ကိုင်သူ အိမ်ထောင်စု (၆၀) ခန့်ရှိသည်။ ငါး၊ ပုဇွန် ရှားပါးလာသောကြောင့် ထိုလုပ်ငန်းလုပ်ကိုင်သူ လျော့နည်းလာသည်ဟု သိရသည်။


နယုန်လတွင် လယ်ယာလုပ်ငန်းများစတင်ပြီး နတ်တော်၊ ပြာသိုလများတွင် ရိတ်သိမ်းကြသည်။ တပို့တွဲလသည် စပါးပေါ်သောလဖြစ်သည်။ လယ်ယာမြေစိုက်ခင်းများအတွင်းသို့ ရေဝင်နစ်မြုပ်ခြင်း၊ ရေမြုပ်စပါးများမှာ ဈေးမရခြင်း၊ မိုးစပါးတစ်သီးသာ စိုက်ပျိုးနိုင်ခြင်း၊ အလုပ်သမားရှားပါးခြင်းနှင့် လူအင်အားဖြင့် စနစ်တကျမစိုက်ပျိုးနိုင်၍ ကျဲခင်းများသာကျဲပက်ရသဖြင့် စပါးအထွက်နှုန်းများ လျော့ကျလာခြင်း စသည့်အကြောင်းအချက်များကြောင့် လယ်လုပ်သူလယ်သမားများ လျော့နည်းလာသည်။

ဓနိဖက်ထိုးလုပ်ငန်းကို တန်ခူး၊ ပြာသို၊ တပို့တွဲ၊ တပေါင်းလများတွင် လုပ်ကိုင်ကြသည်။ ယခုအခါတွင် ဖက်ထိုးလုပ်သား ရှားပါးမှု ပြဿနာကို ရင်ဆိုင်နေရသည်။

ကျန်းမာရေးစောင့်ရှောက်မှုနှင့် စပ်လျဉ်း၍ ကျေးလက်ကျန်းမာရေး ဆေးပေးခန်းမရှိပါ။ ဝါဆို၊ ဝါခေါင်လများတွင် သွေးလွန်တုပ်ကွေးရောဂါ အဖြစ်များတတ်သည်။ အရေးကြုံလာပါက ချောင်းဆုံ မြို့ (သို့) မော်လမြိုင်မြို့သို့ သွားရောက်၍ ဆေးကုသမှု ခံယူရသည်။

ကျေးရွာဘုရားပွဲကို တန်ခူးလဆန်း (၆) ရက်နေ့တွင် ပူဇော်ကျင်းပသည်။ ကဆုန်လတွင် ညောင်ရေသွန်းပွဲ၊ သီတင်းကျွတ်လတွင် ဆွမ်းကြီးလောင်းပွဲနှင့် ကထိန်ပွဲ၊ တပို့တွဲ၊ တပေါင်းလများတွင် ရှင်ပြုရဟန်းခံ အလှူမင်္ဂလာပွဲများ ကျင်းပပြုလုပ်ကြသည်။

## ၆.၆ ပိုင်ဆိုင်မှုနှင့်ထိန်းချုပ်မှု



### ပိုင်ဆိုင်မှုနှင့် ထိန်းချုပ်မှုသုံးသပ်ချက်

နတ်မော်ကျေးရွာအုပ်စု၊ နတ်မော်ရွာဟောင်းကျေးရွာတွင် အရင်းအမြစ်များမှာ လယ်၊ ချောင်း၊ ခနိခြံ၊ လှေ၊ ဘုရားကျောင်း၊ ဇရပ်၊ ရေတွင်းရေကန်၊ စာသင်ကျောင်း၊ လမ်းတံတား စသည်တို့ကို အမျိုးသား၊ အမျိုးသမီးအတူတကွပိုင်ဆိုင်ကြပြီး ထိန်းချုပ်မှုတွင် အမျိုးသားများမှ အဓိကဦးဆောင်နေသည်ဟု ဆွေးနွေးကြပါသည်။ အမျိုးသမီးသီးသန့်သုံးစွဲသော အရင်းအမြစ်မရှိချေ။ ထိုသို့ဖြစ်ရခြင်းမှာ ရိုးရာဓလေ့အရသော်လည်းကောင်း၊ ပတ်ဝန်းကျင်ပုံစံသွင်းခြင်းကြောင့်သော်လည်းကောင်း အမျိုးသမီးများ၏ ဦးဆောင်ထိန်းချုပ်မှု အားနည်းနေရခြင်း ဖြစ်ကြောင်းဆွေးနွေးကြပါသည်။

## ၇။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ





ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းအကောင်အထည်ဖော်မှုအစီအစဉ်
(နတ်မှော်ကျေးရွာအုပ်စု၊ နတ်မှော်ရွာဟောင်းကျေးရွာ)

## ၈။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

| စဉ် | စီ/ထောက်ကော်မတီ | ရာထူး | အမည် | မှတ်ချက် |
|---|---|---|---|---|
| ၁ | စီ/ထောက်ကော်မတီ | ဥက္ကဌ | ဦးဘရွှေ | |
| | | | ဒေါ်မြညွန့် | |
| ၂ | ဝယ်ယူရေးဆပ်ကော်မတီ | အဖွဲ့ခေါင်းဆောင် | ဦးအောင်သန်းရွှေ | |
| | | အဖွဲ့ဝင် | ဦးဝင်းနိုင် | |
| | | အဖွဲ့ဝင် | ဒေါ်သီတာချမ်းမြ | |
| ၃ | လုပ်ငန်းလည်ပတ်ရေးနှင့် ပြုပြင်ထိန်းသိမ်းရေးကော်မတီ | အဖွဲ့ခေါင်းဆောင် | ဒေါ်ဂင်းဂင်းဖြူ | |
| | | အဖွဲ့ဝင် | ဦးအေးထွန်း | |
| | | အဖွဲ့ဝင် | ဦးအေးန | |
| ၄ | စောင့်ကြည့်ကြီးကြပ်ရေး ကော်မတီ | အဖွဲ့ခေါင်းဆောင် | ဦးမျိုးဝင်း | |
| | | အဖွဲ့ဝင် | ဦးမင်းဇော် | |
| | | အဖွဲ့ဝင် | ဒေါ်အိသဇင်ဖြိုး | |
| ၅ | အကြံပြုတိုင်ကြားရေး ကော်မတီ | အဖွဲ့ခေါင်းဆောင် | ဦးဟန်ရွှေ | |
| | | အဖွဲ့ဝင် | ဒေါ်ဇာဝင်း | |
| ၆ | ကျေးရွာငွေစာရင်းကိုင် | စာရင်းကိုင် | ဒေါ်ပန်ဝင်း | |
| ၇ | စေတနာ့ဝန်ထမ်း | | ဦးရန်အောင်ထက် | |
| | စေတနာ့ဝန်ထမ်း | | ဒေါ်အိအိဖွေး | |

## ၉။ ကျေးရွာအချက်အလက် (ပုံစံ-၁)

273

[illegible] ကျေးရွာအချက်အလက်များကို [illegible] ဆောင်းရမည်။ ဝန်ထမ်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူး သတင်းအချက်အလက်ထဲသို့ Tablets မှ တဆင့် ဖြည့်သွင်းရမည်။

| ကျေးရွာခေါင်းဆောင် အမည် | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ် | လူထုစည်းရုံးရေးမှူး၏ အမည် |
|---|---|---|
| ဦးမြင့်ဇော် | 09.775762275 | ဦးအောင်စိုးရှိန် |

| ပြည်နယ်/တိုင်းဒေသကြီး | မြို့နယ် | ကျေးရွာအုပ်စု | ကျေးရွာ |
|---|---|---|---|
| မွန် | ချောင်းဆုံ | နတ်မှော် | နတ်မှော်ရွာဟောင်း |

 က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ဗမာ | 230 | ဘာသာ (၁) ဗုဒ္ဓဘာသာ | 273 |
| လူမျိုးစု (၂) ကရင် | 3 | ဘာသာ (၂) ဗုဒ္ဓဘာသာ | |
| လူမျိုးစု (၃) ကုလား | 30 | ဘာသာ (၃) ဗုဒ္ဓ | |
| လူမျိုးစုရော ------------- | | ဘာသာရော ----------- | |
| အခြား တလိုင် | 10 | ဗုဒ္ဓဘာသာ | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | 3 | | 3 |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | 70 | | |
| စပ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | 747 | 794 |
| လူမျိုးစု (၁)--ဗမာ--- | 648 | 678 |
| လူမျိုးစု (၂)--ကရင်- | 7 | 8 |
| လူမျိုးစု (၃)---------- | 72 | 78 |
| အခြား တလိုင် | 20 | 30 |
| အိမ်ထောင်ဦးစီး | 228 | 45 |

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| | | | | | |
|---|---|---|---|---|---|
| အခြား | ☑ | အခြား | ☐ | ဝလီ | ☐ |
| | | | | အခြား | ☐ |
| မှတ်ချက် | | မှတ်ချက် | | မှတ်ချက် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☑ | ☑ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☐ |
| အထက်တန်းပြဆရာ/မ | ☑ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☑ | ☐ |
| အလယ်တန်းပြဆရာ/မ | ☑ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☑ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☑ | ☐ |
| မူကြိုဆရာ/မ | ☑ | ☐ | သားဖွားဆရာမ | ☐ | ☑ | ရေပိုက်သွယ်သူ | ☑ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☑ | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၄င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | ကတ္တရာလမ်း | (ကွန်ကရစ်လမ်း) | မော်တော်ဆိုင်ကယ်လမ်း |
| ကျောက်ခင်းလမ်း | မြေသားလမ်း | လူသွားလမ်း | အခြား ____________ |


(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက် — ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှုစီမံချက်ရှိခဲ့ပါသလား? — (ရှိပါသည်)/မရှိပါ/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? — နှစ် 2013/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? — ပြုခဲ့ပါသည်/(မပြုခဲ့ပါ)/မသိပါ

(စ) ခရီးအကွာအဝေး



(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☑ မရှိပါ ☐ ရှိပါသည် ရှိလျှင်ဖော်ပြပါ --------------------------------

(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) ---

(၂) ---

(ဈ) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည်


ကျေးရွာခေါင်းဆောင် အမည်

လက်မှတ် နေ့စွဲ 22.12.2016

လူထုစည်းရုံးရေးမှူး အမည်

လက်မှတ် နေ့စွဲ 22.12.2016

## ၁၀။ စီမံကိန်းစက်ဝန်းအချိန်ဇယား (ပုံစံ-၂)



ပုံစံ - စ -၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

လမ်းညွှန်ချက် : ဒက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။

စည်းရုံးရေးမှူး/ဝန်ထမ်း အမည်


နေ့စွဲ 22.12.2016

စက်ဝန်းအားအမှတ်ခြစ်ပါ ☐ စက်ဝန်း(၁) ☑ စက်ဝန်း(၂) ☐ စက်ဝန်း(၃) ☐ စက်ဝန်း (၄)

ပြည်နယ်/တိုင်း မြို့နယ် ကျေးရွာအုပ်စု ကျေးရွာ

| စီမံကိန်း ဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | |
|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသား အရေအတွက် | အမျိုးသမီး အရေအတွက် | အိမ်ထောင်စု အရေအတွက် | လူမျိုးစုတက်ရောက်သူ အရေအတွက် နှင့် လူမျိုးစုအမည် |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | 22.12.2016 | 22.12.2016 | 56 | 123 | 179 | [illegible] 173 |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | 23.12.2016 | 23.12.2016 | 65 | 107 | 172 | [illegible] 166 |
| ၃။ ကျေးရွာအုပ်စု ဂ ဝင်နီးဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | 27.12.2016 | 27.12.2016 | 23 | 12 | 35 | [illegible] 35 |
| ၄။ မြို့နယ်အဆင့် ဒ ါကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးဂေ ာ်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | | | မလို | မလို | မလို | မလို |
| ၅။ မြို့နယ် စီမံကိန်း ရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မီတီ၏ ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသ ၌ အစည်းအဝေး | | | | | | |
| ၆။ စီမံကိန်းလုပ်ငန်း စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | | | | | | |

## ၁၁။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (ပုံစံ-၃)



ပုံစံ - ၁ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form FC 3)

[illegible] ဆောက်မထိသည့် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုဖြည့်စွက်ဖို့အောင် ဖြည့်သွင်းရမည်။

| | | | |
|---|---|---|---|
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် [illegible] | | | |
| နေ့စွဲ 25.12.2016 | | စက်ဝန်းအား အမှတ်ခြစ်ပါ (√) ☐ စက်ဝန်း(၁) ✓ စက်ဝန်း(၂) ☐ စက်ဝန်း(၃) ☐ စက်ဝန်း(၄) | |
| ပြည်နယ်/တိုင်း ရခိုင် | မြို့နယ် ကျောက်တော် | ကျေးရွာအုပ်စု နတ်မော် | ကျေးရွာ နတ်မော်ရွာဟောင်း |

က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည့်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| | အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ |
|---|---|---|---|
| ၁ | [illegible] | ၁ | [illegible] ရေသန့်ရရှိမှုမရှိခြင်း |
| ၂ | ရွာတွင်းလမ်းမကောင်းသဖြင့်သွားလာရန်ခက်ခဲမှုရှိသည် | ၂ | ရွာတွင်းလမ်းမကောင်းသဖြင့်သွားလာရန်ခက်ခဲမှုရှိသည် |
| ၃ | စိုက်ပျိုးမွေးမြူရေးအတွက်ရင်းနှီးမတည်ငွေမရှိသဖြင့် ဝင်ငွေနည်းပါးခြင်း | ၃ | စိုက်ပျိုးမွေးမြူရေးအတွက်ရင်းနှီးမတည်ငွေမရှိသဖြင့် ဝင်ငွေနည်းပါးခြင်း |
| ၄ | ဆေးပေးခန်းမရှိသောကြောင့် ကျန်းမာရေးအတွက်ခက်ခဲခြင်း | ၄ | ဆေးပေးခန်းမရှိသောကြောင့် ကျန်းမာရေးအတွက်ခက်ခဲခြင်း |
| ၅ | မိုးတွင်းကာလတွင် [illegible] | ၅ | မိုးတွင်းကာလတွင် [illegible] |

ခ။ မျှော်မှန်းခြင်း - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| | အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ |
|---|---|---|---|
| ၁ | လုံလောက်ပြီးသန့်ရှင်းသောရေကန်ရှိသောရွာဖြစ်ချင် | ၁ | လုံလောက်ပြီးသန့်ရှင်းသောရေကန်ရှိသောရွာဖြစ်ချင် |
| ၂ | လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သောရွာဖြစ်ချင် | ၂ | လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သောရွာဖြစ်ချင် |
| ၃ | စိုက်ပျိုးမွေးမြူရေးလုပ်ငန်းဖြင့် စီးပွားရေးကောင်းမွန်ပြီး ဖွံ့ဖြိုးတိုးတက်သောရွာဖြစ်ချင် | ၃ | စိုက်ပျိုးမွေးမြူရေးလုပ်ငန်းဖြင့် စီးပွားရေးကောင်းမွန်ပြီး ဖွံ့ဖြိုးတိုးတက်သောရွာဖြစ်ချင် |
| ၄ | အခြေခံကျန်းမာရေးစောင့်ရှောက်မှုဌာနရှိသောရွာဖြစ်ချင် | ၄ | အခြေခံကျန်းမာရေးစောင့်ရှောက်မှုဌာနရှိသောရွာဖြစ်ချင် |
| ၅ | [illegible] ရှိသောကျေးရွာဖြစ်ချင် | ၅ | [illegible] ရှိသောကျေးရွာဖြစ်ချင် |

ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၄) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျစရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | [illegible] | အမျိုးသား + အမျိုးသမီး | 6300000 | |
| ၂ | [illegible] | အမျိုးသား + အမျိုးသမီး | 12500000 | |
| ၃ | | | | |

သေး လုပ်ထုံးစီမံကိန်း၏ လာမည့် (၄) နှစ်အတွက် အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အစဉ် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုး တိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/အမျိုးသမီးများ/အမျိုးသား+အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | စိုက်ပျိုးရေး လုပ်ငန်း (စပါး၊ ပဲ) | အမျိုးသား+အမျိုးသမီး | |
| ၂ | မွေးမြူရေး လုပ်ငန်း (ကြက်၊ ဝက်၊ ငါး) | " | |
| ၃ | မှို လုပ်ငန်း | " | |
| ၄ | ဆိုင်ကယ်ပြုပြင်ရေး သင်တန်း | အမျိုးသား | |
| ၅ | စက်ချုပ်သင်တန်း | အမျိုးသား+အမျိုးသမီး | |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

## ၁၂။ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်း (ပုံစံ-၄)

ပုံစံ - စ - ၄ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ (Form PC 4)

လမ်းညွှန်ချက်၊ စီမံကိန်းလုပ်ငန်းခွဲရွေးချယ်မှုအစည်းအဝေးပြီးနောက်တွင် ကျေးရွာအုပ်စုမှ CF/TFတို့၏ အကူအညီရယူ၍ ကျေးရွာစီထောက်ကော်မတီမှ ... ပြည့်စုံအောင်ဖြည့်သွင်းရမည်။ ဤပုံစံအား ပြည့်စုံစွာဖြည့်သွင်းပြီးပါက ကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေးစီမံချက်တွင် TPIC သို့ပေးပို့ရန်အတွက် နောက်ဆက်... ကျေးရွာတစ်ရွာချင်းစီ၏ စီမံကိန်းလုပ်ငန်းခွဲဆိုင်ရာ အချက်အလက်များကို MIS သို့ထည့်သွင်းရမည်။ (ယခုနှစ်စီမံကိန်းလုပ်ငန်းခွဲ မလုပ်ကိုင်သော ကျေးရွာများ ...

ကျေးရွာစည်းရုံးရေးမှူး/ဝန်ထမ်းအမည် ဦးဇော်မင်းနိုင်

နေ့စွဲ


စက်ဝန်းအားအမှတ်ခြစ်ပေးပါ။(✓) □စက်ဝန်း(၁) ☑စက်ဝန်း(၂) □စက်ဝန်း(၃)

ပြည်နယ်/တိုင်း မွန် | မြို့နယ် ချောင်းဆုံ | ကျေးရွာအုပ်စု နတ်မှော်

| ကျေးရွာအမည် | ဆောင်ရွက်မည့် လုပ်ငန်းများ | အတိုင်းအတာ | ခန့်မှန်း တိုက်ရိုက် အကျိုးခံစားခွင့်ရှိသူများ | အဆိုပြုတင်ပြသူ | ခန့်မှန်းကုန်ကျစရိတ် | | | |
|---|---|---|---|---|---|---|---|---|
| | | | | | စီမံကိန်းမှ ထည့်ဝင်မှု | ကျေးရွာမှ ထည့်ဝင်မှု | အခြားထည့်ဝင်မှု (...) ထည့်ဝင်ငွေ ၊ အမည် | |
| နတ်မှော်ရွာသစ် | ရေကန်တူး(ဖော်)ခြင်း၊ ကျောက်စီခြင်း | 110'x115'x1'<br>110'x115'x6' | | □ ကျား<br>□ မ<br>□ ကျား+မ | 6600000 | | | 6600000 |
| နတ်မှော်ရွာသစ် | ရေကန် ခြံစည်းရိုး ခတ်ခြင်း (ရွာမြောက်) | 440' | | □ ကျား<br>□ မ<br>□ ကျား+မ | 3550000 | | | 3550000 |
| နတ်မှော်ရွာဟောင်း | ကွန်ကရစ်လမ်း ခင်းခြင်း | 1250'x10'x6" | | □ ကျား<br>□ မ<br>□ ကျား+မ | 15800000 | | | 15800000 |
| နတ်မှော်ရွာဟောင်း | ရေကန်ခြံ စည်းရိုး ခတ်ခြင်း | 440' | | □ ကျား<br>□ မ<br>□ ကျား+မ | 3550000 | | | 3550000 |
| | | | | □ ကျား<br>□ မ<br>□ ကျား+မ | | | | |

ရာထူး ကျေးရွာအုပ်စု စီ/ထောက်ကော်မတီ ဥက္ကဋ္ဌ အမည် ဒေါ်ငွေဝင်း လက်မှတ် [illegible] ရက်စွဲ

## ၁၃။ အစည်းအဝေးမှတ်တမ်းများ



အစည်းအဝေး မှတ်တမ်း

အစည်းအဝေး ခေါင်းစဉ် - ပထမအကြိမ်အစည်းအဝေး

ကျင်းပပြုလုပ်သည့်နေရာ - ဓမ္မာရုံ

ကျေးရွာအုပ်စု ၊ ကျေးရွာ - နတ်မော် ၊ နတ်မော်ရွာဟောင်း

စတင်ချိန် ၊ ပြီးဆုံးချိန် - ၁၀:၀၀ မှ ၂:၃၀ ထိ


တက်ရောက်သူဦးရေ - ကျား ( 56 ) ၊ မ ( 123 ) ၊ ပေါင်း ( 179 )

နေ့စွဲ - 22. 12. 2016

ရည်ရွယ်ချက် - လူထုဦးဆောင်ဖွံ့ဖြိုးစီမံကိန်း၏ အခြေခံသဘောတရားများ၊ ကျေးရွာဖွံ့ဖြိုးရေးအတွက်အခြေခံများ၊ စီမံကိန်းစက်ဝန်း၊ လူထုပိုင်ဆိုင်မှု စည်းမျဉ်းစည်းကမ်းများနှင့် ရင်းနှီးမှုရှိစေရန်၊ ကျား၊ မ ရေးရာနှင့် လူမှုပေါင်းပါဝင်မှုဆိုင်ရာစည်းမျဉ်းကို နားလည်စေရန်နှင့် စီမံကိန်းတွင်ပါဝင်ဆောင်ရွက်သူများ၏ တာဝန်ဝတ္တရားများကို သိရှိစေရန်။

အကြောင်းအရာ - နတ်မော်ကျေးရွာအုပ်စု၊ နတ်မော်ရွာဟောင်းကျေးရွာ၏ လူထုဦးဆောင်ဖွံ့ဖြိုးစီမံကိန်း ပထမအကြိမ်အစည်းအဝေးတွင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦး... ဖြင့် အခမ်းအနားအစပြုပြောကြားခဲ့ပြီး တာဝန်ကျဝန်ထမ်းများမှ စီမံကိန်း၊ မိတ်ဆက်၊ စီမံကိန်းစက်ဝန်း၊ စီမံကိန်းတွင်ပါဝင်သူများ၏ တာဝန်ဝတ္တရားများ အကြောင်းကို ပြောကြားရှင်းလင်းဆွေးနွေးပေးခဲ့ပြီး ကျေးရွာဆော်ဩ ဝန်ထမ်းများကိုလည်း ကျေးရွာလူထုအများ၏ သဘောတူညီမှုဖြင့် ရွေးချယ်ခဲ့ပါသည်။

ထို့နောက် တာဝန်ကျဝန်ထမ်းများမှ ကျေးရွာလူထုအားအစည်းများ



၏ ကျေးရွာဖွံ့ဖြိုးရေးအခြေအနေနှင့် လိုအပ်ချက်များကို လူထုမှဆန်းစစ်ခြင်း၊ ရည်မှန်းချက်များဖြင့် ဖော်ထုတ်ရွေးချယ်ခဲ့ကြပြီး ထွက်ပေါ်လာသော ရလဒ်များကို ပြန်လည်တင်ပြသော အစည်းအဝေးကို ရပ်သိမ်းခဲ့ပါသည်။

## ၁၄။ ကျေးရွာမှကြုံတွေ့နေရသည့်အခက်အခဲ အတားအဆီးများ

| စဉ် | အဆိုပြုသူ | အခက်အခဲ၊ အတားအဆီးများ |
|---|---|---|
| ၁ | ကျား‌မ | ရေအရင်းအမြစ်မလုံလောက်ခြင်း |
| ၂ | ကျား‌မ | အလုပ်အကိုင်အခွင့်အလမ်းနည်းပါးခြင်းကြောင့် ဝင်ငွေနည်းပါးခြင်း |
| ၃ | ကျား‌မ | စိုက်ပျိုးရေးမွေးမြူရေးအတွက် နည်းပညာမရှိခြင်းနှင့် အရင်းအနှီးမရှိခြင်း |
| ၄ | ကျား‌မ | ဆေးပေးခန်းမရှိခြင်းကြောင့် ကျန်းမာရေးစောင့်ရှောက်မှုအားနည်းခြင်း |
| ၅ | ကျား‌မ | ရေကန်များအကာအရံမရှိခြင်းကြောင့် သန့်ရှင်းသောသောက်သုံးရေမရှိခြင်း |

## ၁၅။ ကျေးရွာများမှနောင်လာမည့် (၅) နှစ်အတွင်းမျှော်မှန်းထားသည့် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

| စဉ် | အဆိုပြုသူ | လုပ်ငန်း |
|---|---|---|
| ၁ | ကျား‌မ | ရေအရင်းအမြစ်လုံလောက်ပြီးသန့်ရှင်းသော သောက်သုံးရေရသောရွာ |
| ၂ | ကျား‌မ | အလုပ်အကိုင်အခွင့်အလမ်းပေါများပြီး စားဝတ်နေရေးအဆင်ပြေသောရွာ |
| ၃ | ကျား‌မ | စိုက်ပျိုးရေးမွေးမြူရေးလုပ်ငန်းများဖြင့် ဖွံ့ဖြိုးတိုးတက်သောရွာ |
| ၄ | ကျား‌မ | ဆေးပေးခန်းရှိပြီး ကျန်းမာရေးစောင့်ရှောက်မှုရရှိသောကျေးရွာ |

## ၁၆။ ကျေးရွာများမှအဆိုပြုထားသည့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ထောက်ကူပြုသင်တန်းများ

လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အထောက်အကူပြုနိုင်မည့် ရပ်ရွာလူထုမှ လိုအပ်ချက် ရှိနေသော အသက်မွေးဝမ်းကျောင်း သင်တန်းများအားဆွေးနွေးရာတွင် အောက်ဖော်ပြပါ သင်တန်းများအား ရပ်ရွာလူထု တစ်ရပ်လုံးမှ အဆိုပြုတင်ပြခဲ့ပါသည်။

| | အဆင့် | လုပ်ငန်းအမည် | အဆိုပြုသူ | ကျေးရွာမှတာဝန်ခံ (သို့) အုပ်စု | ပြင်ပမှမည်သူ ထောက်ပံ့မလဲ |
|---|---|---|---|---|---|
| ပထမဦး | ၁ | စိုက်ပျိုးရေးသင်တန်း | ကျားမ | | |
| | ၂ | မွေးမြူရေးသင်တန်း | ကျားမ | | |
| | ၃ | ဆိုင်ကယ်ပြင်သင်တန်း | ကျား | | |
| | ၄ | စက်ချုပ်သင်တန်း | ကျားမ | | |

တစ်နိုင်တစ်ပိုင် ဝင်ငွေတိုးလုပ်ငန်းများအတွက် အသက်မွေးဝမ်းကျောင်းသင်တန်းများ ရရှိပြီးပါကလည်း ကိုယ်ပိုင်အသက်မွေးဝမ်းကြောင်းလုပ်ငန်းများ လုပ်ကိုင်နိုင်ရန်အတွက် အရင်းအနှီး မတည်ငွေအတွက် အခက်အခဲရှိနိုင်သေးကြောင်းနှင့် အချို့မှာလည်း အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနိုင်ရန်အတွက် အဖွဲ့အစည်းများအချင်းချင်း ချိတ်ဆက်လုပ်ဆောင်ပေးခြင်းများ၊ အလုပ်အကိုင်အခွင့်အလမ်းအသစ်များ ဖန်တီးပေးမှုများ လိုအပ်နေသေးသည်ကို လေ့လာသုံးသပ်ရပါသည်။